အသင်တို့၏ နေအိမ်များကို ကဗရ်သင်္ချိုင်းများအဖြစ်မပြုလုပ်ကြနှင့်၊ ငါကိုယ်တော်၏ကဗရ်ကိုလည်း

အီးဒ်မပြုလုပ်ကြနှင့် ငါကိုယ်တော်အပေါ်သို့

ဆွလာသ်မေတ္တာ ပို့သကြလေကုန်၊ ဧကန်မုချ အသင်တို့၏

ဆွလာသ်မေတ္တာ ပို့သမှုသည်

အသင်တို့မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ ငါကိုယ်တော်ထံရောက်ရှိလေသည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့၏
နေအိမ်များကို ကဗရ်သင်္ချိုင်းများအဖြစ် မပြုလုပ်ကြနှင့်၊
ငါကိုယ်တော်၏ကဗရ်ကိုလည်း အီးဒ်မပြုလုပ်ကြနှင့် ငါကိုယ်တော်အပေါ်သို့
ဆွလာသ်မေတ္တာ ပို့သကြလေကုန်၊ ဧကန်မုချ အသင်တို့၏ ဆွလာသ်မေတ္တာ ပို့သမှုသည်
အသင်တို့မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ ငါကိုယ်တော်ထံ ရောက်ရှိလေသည်။
[حسن] [رواه أبو داود]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အိမ်များကို ဆွလာသ်ဆောက်တည်ခွင့်မရှိသော ကဗရ်သင်္ချိုင်းများသဖွယ် အိဗာဒသ် ခဝပ်ကိုးကွယ်မှုမပြုဘဲနေခြင်းမှတားမြစ်တော်မူခဲ့သည်။ ထို့ပြင် မိမိကဗရ်တွင် ဇိယာရသ်ပြုရန် အကြိမ်ကြိမ်လာရောက်၍ပုံမှန်စုဝေးခြင်းကိုလည်း တားမြစ်တော်မူခဲ့သည်။ အဘယ့်ကြောင့်ဆိုသော်ထိုသို့ပြုလုပ်ခြင်းသည် ရှိရှ်က်သို့‌ကျရောက်စေသည့် အကြောင်းခံဖြစ်သည်။ ထို့နောက်ကိုယ်တော်က ကမ္ဘာပေါ်ရှိ မည်သည့်နေရာမှပင်ဖြစ်စေ မိမိအပေါ် (ဆွလာသ်) ကောင်းချီးမင်္ဂလာနှင့် (စလာမ်)မေတ္တာပို့သရန် မိန့်ကြားတော်မူခဲ့သည်။ထိုသို့ပို့သခြင်းသည် အနီးမှဖြစ်စေ၊အဝေးမှဖြစ်စေ ကိုယ်တော့်ထံ ရောက်ရှိရာတွင်အတူတူပင်ဖြစ်သည်။ထို့ကြောင့် ကိုယ်တော်၏ ကဗရ်သို့ အကြိမ်ကြိမ်သွားရောက်နေရန်မလိုအပ်ပေ။

http://www.sunnah.global/hadeeth/my/show/3350